ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ်၊ ၁၄၂ / ၂၀၂၀**

၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်

(၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၂ ရက်)

## အထူးကုန်စည်ခွန်ကျသင့်သည့် ကုန်စည်အမျိုးအစားများနှင့်စပ်လျဉ်း၍ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်း

၁။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၉ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ထိုဥပဒေ၏ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ(ခ) ဇယားတို့ပါ အထူးကုန်စည်ခွန် ကျသင့်စေရမည့် ကုန်စည်အမျိုးအစားများအနက် အထူးကုန်စည် (၁) မျိုးနှင့်စပ်လျဉ်း၍ ရှင်းလင်းစွာသိရှိနိုင်စေရန်အတွက် အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်းဖြစ်ပါသည်။

### သက်ဆိုင်သည့် အကြောင်းအရာ

၂။ ဤအဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်သည် ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) နှင့်ပုဒ်မခွဲ (ခ) ဇယားတို့ပါ အထူးကုန်စည်ခွန်ကျသင့်စေရမည့် အထူးကုန်စည် (၁) မျိုးနှင့်စပ်လျဉ်း၍ ဤဝန်ကြီးဌာနက မည်သို့အဓိပ္ပာယ်ဖွင့်ဆိုကြောင်း ရှင်းလင်းအသိပေးချက်ဖြစ်ပါသည်။

### အကျိုးသက်ရောက်သူများ

၃။ ဤထုတ်ပြန်ချက်သည် အထူးကုန်စည်ကို ပြည်တွင်းသို့တင်သွင်းသူ၊ ပြည်တွင်း၌ ထုတ်လုပ်သူ၊ ပြည်ပသို့ တင်ပို့သူနှင့် အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ထားရှိသူ အခွန်ထမ်းများအပေါ် အကျိုးသက်ရောက်ပါသည်။

### သက်ဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်

၄။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၅ အရ အထူးကုန်စည်ကို ပြည်တွင်းသို့ တင်သွင်းသူ၊ ပြည်တွင်း၌ ထုတ်လုပ်သူ၊ ပြည်ပသို့ တင်ပို့သူနှင့် အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ထားရှိသူ အခွန်ထမ်းများသည် မိမိရောင်းချသည့် အထူးကုန်စည်တန်ဖိုးအပေါ်တွင် ကျသင့်သည့် အထူးကုန်စည်ခွန်ကို ပေးဆောင်ရန် တာဝန်ရှိပါသည်။

၅။ ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့တွင် အထူးကုန်စည်ခွန်ကျသင့်သည့် အထူးကုန်စည်အမျိုးအစားများကို ပြဋ္ဌာန်းထားပါသည်။

**အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်**

၆။ ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ၂-၉-၂၀၂၀ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၈ ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါသည်။ ထိုဥပဒေ၏ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) နှင့် (ခ) ပါ အထူးကုန်စည် အမျိုးအစားများအပေါ်တွင် ပြဋ္ဌာန်းထားသည့်အတိုင်း အထူးကုန်စည်ခွန် ကျသင့်မည်ဖြစ်ပါသည်။

၇။ အဆိုပါ အခွန်ကျသင့်သည့် အထူးကုန်စည်အမျိုးအစားများနှင့်သက်ဆိုင်သည့် အဓိပ္ပာယ်ကို ရှင်းလင်းစွာသိရှိမှသာ အထူးကုန်စည်ခွန်ကျသင့်သည့် အထူးကုန်စည်များအပေါ်မှန်ကန်ထိရောက်စွာ ကောက်ခံဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

၈။ သို့ဖြစ်ပါ၍ အဆိုပါ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၉ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ထိုဥပဒေ၏ ပုဒ်မ ၁၁၊ ပုဒ်မခွဲ(က) ဇယားအမှတ်စဉ် ၁၁ နှင့် ပုဒ်မခွဲ (ခ) ဇယားအမှတ်စဉ် ၁ ပါ "သစ်လုံး၊ သစ်ခွဲသားများ" ဟူသော စကားရပ်သည် အောက်ပါဇယား၏ အမှတ်စဉ် ၁ မှ ၃ အထိတွင် ဖော်ပြထားသော အခြေခံအဆင့်ခွဲစိတ်ထားသည့် သစ်ခွဲသား (Rough Sawn) များကို ဆိုလိုကြောင်း အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုပါသည် -

| စဉ် | | အမျိုးအမည် | H.S Code | သတ်မှတ်ချက် |
|---|---|---|---|---|
| ၁။ | | သစ်ခွဲသား (Sawn Timber/ Conversion/ Lumber) | 44.07 | အခြေခံအဆင့်ခွဲစိတ်ထားသောသစ်ခွဲသား (Rough Sawn) |
| | A | ဒုသစ် (Square) | 44.07 | အခြေခံအဆင့်ခွဲစိတ်ထားသောသစ်ခွဲသား (Rough Sawn) |
| | B | တိုင် (Post) | 44.07 | အခြေခံအဆင့်ခွဲစိတ်ထားသောသစ်ခွဲသား (Rough Sawn) |
| | C | ရှည်ကြီး (Flitch) | 44.07 | အခြေခံအဆင့်ခွဲစိတ်ထားသောသစ်ခွဲသား (Rough Sawn) |
| | D | ရှည်ပျဉ် (Plank) | 44.07 | အခြေခံအဆင့်ခွဲစိတ်ထားသောသစ်ခွဲသား (Rough Sawn) |

| စဉ် | | အမျိုးအမည် | H.S Code | သတ်မှတ်ချက် |
|---|---|---|---|---|
| | E | ပျဉ် (Board) | 44.07 | အခြေခံအဆင့်ခွဲစိတ်ထားသောသစ်ခွဲသား (Rough Sawn) |
| ၂။ | | သစ်ပါးလွှာရှဉ်ကြီး (Flitch for Veneer) | 44.07 | အခြေခံအဆင့်ခွဲစိတ်ထားသောသစ်ခွဲသား (Rough Sawn) |
| ၃။ | | အလှဆင်သဘာဝ ဘုတ်ပြား (Natural Decorative Board / Table Top) | 44.07 | အခြေခံအဆင့်ခွဲစိတ်ထားသောသစ်ခွဲသား (Rough Sawn) |

စိုးဝင်း
ပြည်ထောင်စုဝန်ကြီး

**************************************************

စာအမှတ်၊ စဘစ / ဘဏ္ဍာ - ၂ / ၁ / ၂၅၄ (၅၇၄၈ / ၂၀၂၀)
ရက် စွဲ ၊ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၂ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

မြန်မာနိုင်ငံစာရင်းကောင်စီ

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနရှိ ဌာနအဖွဲ့အစည်းအားလုံး

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | မြန်မာနိုင်ငံပြန်တမ်း အပိုင်း (၁) တွင် ထည့်သွင်း ကြေညာပေးပါရန်။ |

ဤဝန်ကြီးရုံး၊ ဌာနခွဲများအားလုံး

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း

| | |
|---|---|
| ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | ညီနောင်အသင်းများအား ထပ်မံဖြန့်ဝေပေးပါရန်။ |

အမိန့်အရ

(ထွန်းထွန်းနိုင်)

အမြဲတမ်းအတွင်းဝန်

Notification (Wood)12/22/2020 10:21:31 AM